# ဧဝံဂေလိလမ်းညွှန် Evangelism Guide

## ဧဝံဂေလိပြန့်ပွားရေး အဆင့် (၁)

## သင်တန်းမှတ်စု

## အခန်း(၁)

### ယုံကြည်သူ သာမန် အသင်းသား များအား လေ့ကျင့်တပ်ဆင်ခြင်း

**အခြေခံဦးတည်ချက် = လေ့ကျင့်တပ်ဆင် ပေးခြင်း**

သင့်အား အောက်ပါတို့ကို ဆောင်ရွက်နိုင်အောင် လေ့ကျင့်တပ်ဆင် ပေးမည်။

- မယုံကြည်သူများထံ ဧဝံဂေလိ သတင်းကောင်းကို ထိရောက်စွာ ဝေငှရန်
- အခြားဝိညာဉ် ရယူသူများ (Soul Winners) အတွက် နည်းပြတစ်ဦး ဖြစ်လာရန်
- အသစ်ပြောင်းလဲ လာသူများအား တပည့်တော်များ ဖြစ်လာသည်အထိ လုပ်ဆောင်နိုင်ရန်
- သင်၏ ဒေသန္တရ အသင်းတော်တွင် ဧဝံဂေလိဆင့်ပွား (ဧ-ပွား) မှုလုပ်ငန်းကို အကောင်အထည်ဖော် တည်ဆောက်နိုင်ရန်
- ယေရှုခရစ်တော်၏ မဟာစေခိုင်းသော အမှုတော်မြတ်ကြီးကို ကမ္ဘာတဝှမ်းလုံးတွင် ပြီးမြောက်အောင်မြင် နိုင်ရေးအတွက် ကိုယ်တိုင်ပါဝင် ဆောင်ရွက်ရန်

သမ္မာကျမ်းစာမှ ဧဝံဂေလိ လုပ်ငန်းနှင့် ဆိုင်သော အခြေခံမှုများ ခရစ်ယာန် အယောက်တိုင်းသည် သက်သေခံသူတစ်ဦး ဖြစ်ရမည်။

- ယုံကြည်သူ သာမန် အသင်းသားများသည် တစ်ကမ္ဘာလုံး ဆိုင်ရာ ဧဝံဂေလိ လုပ်ငန်းအတွက် သေနင်္ဂဗျူဟာ (Strategic) အကျဆုံးသော သော့ချက်များ ဖြစ်ကြသော်လည်း အသုံးပြုခြင်း မခံရဆုံးသော သူများဖြစ်ကြသည်။

- ခရစ်တော်၏ ပထမဦးဆုံးသော အမိန့်တော် (မာကု ၁း၁၇)
- ခရစ်တော်၏ နောက်ဆုံးသော အမိန့်တော် (တမန် ၁း၈)
- ယုံကြည်သူ သာမန် အသင်းသားများသည် သူတို့၏ သက်သေမခံခြင်း အတွက် ဆင်ခြေများစွာ ပေးတတ်ကြ၏။

အဘယ်ကြောင့် ခရစ်ယာန် အများစုသည် သက်သေမခံ ကြသနည်း

- "ကျွန်တော်ဘယ်လို သက်သေခံရ မလဲဆိုတာ မသိဘူး"
- "ကျွန်တော့်မှာ ဧဝံဂေလိ လုပ်ဖို့ ဆုကျေးဇူး မရှိဘူး"
- "ကျွန်တော်က အသက်တာအားဖြင့် သက်သေခံ နေပါတယ်"
- "ဒီအလုပ်ဟာ သင်းအုပ်ဆရာရဲ့ အလုပ်သာ ဖြစ်တယ်"
- ဆုံးရှုံးခြင်းနှင့် ငြင်းပယ်ခံရ ခြင်းတို့ကို ကြောက်ရွံ့စိုးရိမ်ခြင်း
- ဝန်ချတောင်းပန်ခြင်း မပြုရသေးသော အပြစ်ရှိနေခြင်း
- "သက်သေခံဖို့ကျွန်တော့်မှာ အချိန်မရှိဘူး"
-

သန့်ရှင်းသူ(ယုံကြည်သူ)တို့ကို လေ့ကျင့်တပ်ဆင် ရန်မှာ ____________ ၏ တာဝန်ဖြစ်သည်။ (ဧဖက် ၄း၁၁-၁၂)

- ဤတာဝန်ကို ဆောင်ရွက်ရန် သော့ချက်ကျသော သာမန် အသင်းသား ခေါင်းဆောင်များသည် သင်းအုပ်ဆရာ၏ မရှိမဖြစ် လိုအပ်သော လက်တွဲဖော်များ ဖြစ်ကြသည်။

**အကောင်းဆုံးသော လေ့ကျင့်တပ်ဆင်ခြင်း လုပ်ငန်းသည်** လက်တွေ့ကွင်းဆင်းခြင်း **အားဖြင့်သာ ပြီးမြောက်အောင်မြင် နိုင်သည်။**

- ယေရှုခရစ်သည် တပည့်တော်များကို လက်တွေ့ကွင်းဆင်း သင်တန်းဖြင့် လေ့ကျင့်တပ်ဆင် ပေးခဲ့သည်။ (မာကု ၃း၁၄)
- ဧဝံဂေလိ လုပ်ငန်းသည် သင်ကြားခြင်းထက် ဝိညာဉ်ဖမ်းမိ ရရှိခြင်း ဖြစ်သည်။
- လက်တွေ့ကွင်းဆင်း သင်တန်းသည် ဝါရင့် အတွေ့အကြုံ ရှိပြီးသူများက အတွေ့အကြုံ မရှိသေးသော သူများအား လေ့ကျင့်ပုံသွင်း ပေးနိုင်အောင် ဖန်တီးပေးသည်။

- လက်တွေ့ကွင်းဆင်း သင်တန်းသည် တရွေ့ရွေ့တိုးတက် သင်ကြားပေးသည့် စနစ်ကို အသုံးပြုသည်။

**ဝိညာဉ်ရသူများအား လေ့ကျင့်သင်ကြားပေးခြင်းသည်** ဝိညာဉ်ရေးနှင့် ပတ်သက်သော လူဦးရေ တိုးပွားများပြား လာဖို့ရန် **ဖြစ်သည်။**

- မိမိကိုယ်တိုင် ဝိညာဉ်များကို ရရှိခြင်း (Winning Souls) ထက် အခြား ဝိညာဉ်ရသူများ (Soul Winners) အား လေ့ကျင့်သင်ကြား ပေးခြင်းသည် ထာဝရ ကာလအတွက် ပို၍ ကြီးမြတ်သော အကျိုးသက်ရောက်မှုကို ဖြစ်ထွန်းစေပါမည်။

**ဇေ၀ံဂေလိ ပြန့်ပွားရေး၏ ရည်ရွယ်ချက်**

ကမ္ဘာတဝှမ်းလုံးရှိ ဒေသန္တရ အသင်းတော်များအား မိတ်ဆွေဖွဲ့ခြင်း၊ ဧဝံဂေလိ လုပ်ဆောင်ခြင်း၊ တပည့်တော် ဖြစ်ခြင်းနှင့် သန့်စွမ်းကြီးထွား စေခြင်းတို့အားဖြင့် ဆပွား တိုးပွားလာအောင် လေကျင့်တပ်ဆင်လျက် ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေရန်။

**ထာဝရ ဘုရားသခင်၏ ဘုန်းတော်ထင်ရှား စေရန်**

ကျွန်ုပ်တို့ အသက်တာနှင့် အမှုတော်လုပ်ငန်းတွင် အဓိက အကျဆုံးနှင့် အရေးအကြီးဆုံး ဖြစ်သည်။

**လေ့ကျင့်တပ်ဆင်ခြင်း**

သင်းအုပ်ဆရာများနှင့် ယုံကြည်သူ သာမန်အသင်းသားများအား အောက်ဖေါ်ပြပါ သင်တန်းများ၌ လေကျင့် သင်ကြား ပေးခြင်းအားဖြင့် အခြားသူများအား အောင်မြင်စွာ တပ်ဆင်လေ့ကျင့် သင်ကြားပေးလာနိုင် စေရန်-

- ၆-ရက် ဧဝံဂေလိဆင့်ပွား (ဧ-ပွား) ခေါင်းဆောင်သင်တန်း (Leadership Clinics)
- ဒေသန္တရ အသင်းတော်၌ ဧ-ပွား ၁၃-ပတ် သင်တန်းများ (13 Weeks Training Courses)